## အပင်ထွက်ပိုးသတ်ဆေးများ
## Botanical Pesticides

* ဆေးရွက်ကြီး (Tobacco)
* တမာ ( Neem)

## သဘာဝပိုးနှင်ဆေး

* ရှောက်သံပုရာခွံများ (Citrus)
* ဂျင်း (Ginger)

## ကြက်သွန်မြိတ် ပိုးသတ်ဆေးရည်
## (Onion Chives)

| | | |
|---|---|---|
| * ကြက်သွန်မြိတ် | - | ၃၀၀ ဂရမ် |
| * ရေနွေး | - | ၁ လီတာ |
| * ရေ | - | ၂ လီတာ |
| * ရှာလကာရည် | - | ၅၀၀ စီစီ |
| * ဆပ်ပြာ | - | ၅ ဂရမ် |

( ကြက်သွန်မြိတ်အား (၃၀)မိနစ်ခန့် ပြုတ်ပေးပါ။ )

## ကန့်ဆေးရည် (Sulphur)

( မွှားပင့်ကူနီ Mite ကာကွယ်နိုင် )

| | | |
|---|---|---|
| * ကန့် | - | (၂၈)ကျပ်သား |
| * ရေ | - | (၄)ဂါလံ ရောဖျော်ပါ။ |



## ငရုတ်သီးပိုးသတ်ဆေးရည်(Chili)

| | | |
|---|---|---|
| ငရုတ်သီး (စို၊ခြောက်) | - | (၃၀) ကျပ်သား |
| အရက်ဦးရေ | - | (၂) လီတာ |
| ရေ | - | (၄) လီတာ |

### ပြုလုပ်ပုံ (Method of Use)

- ငရုတ်သီးများကို ရေ (၄) လီတာဖြင့် (၁) နာရီ ရောကာ မီးအေးအေးဖြင့် ပြုတ်ပါ။
- ပြုတ်ပြီးသား ငရုတ်သီးနှင့် အရည်တို့ကို ရေ (၂၀) လီတာ ထည့်ထားသော အိုးတွင် ထည့်ပါ။
- ထို့နောက် အရက်ဦးရေ (၂)လီတာကို ရောထည့်ပါ။ မွှေပေးပါ။
- အဝတ်ပါးပါးဖြင့် ဖုံးအုပ်ပေးပြီး အေးမြသော နေရာတွင် ထားပါ။
- တစ်နေ့တစ်ကြိမ်မွှေပေးပါ။
- (၇)ရက်ပြည့် လျှင် အသုံးပြုနိုင်ပါပြီ။ အသုံးပြုချိန်တွင် အဖတ်များကို ရေစစ်ဖြင့် စစ်ပြီးမှ အသုံးပြုပါ ။ (၃)လခန့် သိုလှောင်နိုင်သည်။

### ဆေးဖျော်ရန်နှုန်းထား (Ratio)

- ဆေးရည် - ၁ ဆ နှင့် ရေ - ၅၀၀ ဆ

### ကာကွယ်နိုင်သောရောဂါများ

မွှား၊ပျ၊ လေ့း၊ ပုရွက်ဆိတ်၊ခြ၊ ယင်ဖြူ၊ ကျိုင်း၊ ပင်စည်ထိုးပိုး၊ ဖလံလောက်ကောင်အဆင့်၊ ခရု




## ဆေးရွက်ကြီးဆေးရည် (Tobacco)

| | | |
|---|---|---|
| * ဆေးရွက်ကြီး | - | (၂၈) ကျပ်သား |
| * ရေ | - | (၄) ဂါလံ |
| * ဆပ်ပြာ | - | (၂၈)ကျပ်သား |



### ကာကွယ်နိုင်သောရောဂါများ

ခူ၊ ပုရွက်ဆိတ်၊ လောက်ကောင်၊ ပျ၊ လေ့း၊ မွှား၊ ကျိုင်း၊ ပင်စည်/ရွက်ထွင်း/အစေ့ထိုးပိုး၊

### ဆပ်ပြာဆေး
### (မွှားပိုး၊ လေ့းများကာကွယ်နိုင်)

| | | |
|---|---|---|
| ဆပ်ပြာတောင့် | - | ၅ကျပ်သား |
| ရေ | - | (၂) ဂါလံ |

## ဒုတ္တာဆေးရည် မှိုသတ်ဆေး
## (Bordeaux Mixture- Fungicide)

(မျိုးစေ့ဆေးရည်စိမ်ခြင်း)

(၂) ဂါလံ ဆေးပုံးအတွက်

| | | |
|---|---|---|
| ဒုတ္တာ | - | (၅) ကျပ်သား |
| ရေ | - | (၅) ပိဿာ |
| မဖောက်ထုံး | - | (၅) ကျပ်သား |

### သတိပြုရန် (caution)

* မဖောက်ထုံးကိုဖောက်ပြီးချက်ချင်းသုံးစွဲရမည်။
* လေမသလပ်စေရပါ။အလွယ်တကူ အနည်ထိုင်စေသဖြင့်မကြာခဏမွှေပေးပါ။
* ဖျော်စပ်ပြီး ၂၄ နာရီ အတွင်းသုံးစွဲရန်။
* မြေ၊ စဥ့်၊ ကြွေ၊ ပလပ်စတစ်၊သစ်သားစည်ပိုင်း၊ အိုးခွက်၊ပုံးများဖြင့် သာသုံးရန်။
* ဆေးဖြန်းပုံးသုံးပြီးပြောင်စင်အောင်ဆေးပါ။
* မိုးရွာစဉ်၊ အလွန်ပူပြင်းခြောက်သွေ့လွန်းချိန်၊ အပင်ရေငတ်၍ အားနည်းညှိုးနွမ်းချိန် မပက်ဖြန်းသင့်ပါ။

### ကာကွယ်နိုင်သောရောဂါများ

စပါးဂုတ်ကျိုး၊ စပါးရွက်ပြောက်ရောဂါ၊ မြေပဲရွက်ပြောက်ရောဂါ၊ ပဲမျိုးစုံမှဲ့ပြောက်စွန်းရောဂါ၊




## ကြက်သွန်ဖြူ ပိုးသတ်ဆေး (Garlic)

| | | |
|---|---|---|
| ကြက်သွန်ဖြူ | - | (၆၀) ကျပ်သား |
| ဗီနီဂါ(ရှလကာရည်) | - | (၅၀၀) စီစီ |
| အရက်ဦးရေ | - | (၂) လီတာ |

### ပြုလုပ်ပုံ (Method of Use)

- ကြက်သွန်ဖြူများကို ကြေညက်အောင် ထောင်းပါ။
- (၁၅) လီတာ ဝင်ဆံ့သော အိုးတွင် ထောင်းထားသော ကြက်သွန်ဖြူ၊ ဗီနီဂါ၊ အရက်၊ ရေ (၁၀)လီတာတို့ကိုထည့်ပြီး မွှေပါ။
- အဝတ်ပါးပါးဖြင့် ဖုံးအုပ်ပေးပြီး၊ အေးမြသောနေရာတွင် ထားပါ။
- တစ်နေ့တစ်ကြိမ် မွှေပေးပါ။
- (၇)ရက်ပြည့်လျှင် အသုံးပြုနိုင်ပါပြီ။ အသုံးပြုချိန်တွင် အဖတ်များကို ရေစစ် ဖြင့် စစ်ပြီးမှ အသုံးပြုပါ (၃) ပတ်ခန့် သိုလှောင်နိုင်သည်။

### ဆေးဖျော်ရန်နှုန်းထား (Ratio)

- ဆေးရည် - ၁ ဆ နှင့် ရေ - ၅၀၀ ဆ



- ရေသန့်ဗူး(၁)ဗူး = ၁ လီတာ (၁၀၀၀ စီစီ)

# သဘာဝပိုးသတ်ဆေး (သို့) ပိုးနှင်ဆေး
# (Natural Pesticide)







စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန

Project Planning, Management and Evaluation Division
Department of Agriculture



မဟာမဲခေါင်ဒေသခွဲပူးပေါင်းဆောင်ရွက်မှုအစီအစဉ်
(ADB-GMS- CASP 2)